EMReF Enlightened Myanmar Research Foundation

ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

မေ့အသံ

အတွဲ(၃)၊ အမှတ်-၂၀ လစဉ်သတင်းလွှာ ဇန်နဝါရီ ၁၃ ရက်၊ ၂၀၂၁

# အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများမှ တားဆီးကာကွယ်ရန် ပြည်သူလူထုကို ဗဟိုပြု၍ လုပ်ဆောင်နေသည်ဟုဆို




ဒီဇင်ဘာ ၁၀၊ ၂၀၂၀

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများမှ တားဆီးကာကွယ်ရန် ပြည်သူလူထုကိုဗဟိုပြု၍ အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းများကို လုပ်ဆောင်လျက် ရှိသည်ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး က ပြောကြားခဲ့သည်။

နိုဝင်ဘာ (၂၅) ရက်နေ့က ပြုလုပ်ခဲ့သည့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေး (၁၆) ရက်တာ လှုပ်ရှားမှု အထိမ်းအမှတ် အွန်လိုင်းအခမ်းအနားတွင် ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံလူဦးရေ၏ ထက်ဝက်ကျော်မကသော အမျိုးသမီးထုကြီး၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးခြင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်းမှ ကာကွယ်ပေးခြင်းများသည် နိုင်ငံသားများအားလုံး၏ ဖွံ့ဖြိုးတိုးတက်ခြင်း၊နိုင်ငံသားများအားလုံးကို အကာအကွယ်ပေးရာတွင် သက်ရောက်မှုရှိကြောင်း ဒေါက်တာဝင်းမြတ်အေး က ပြောကြားခဲ့သည်။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများကို ဥပဒေကြောင်းအရ ပိုမိုကာကွယ်ပေးနိုင်ရန် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဥပဒေကို ရေးဆွဲထား

စာမျက်နှာ ၂ သို့



ဓာတ်ပုံ- Ministry of Social Welfare, Relief, and Resettlement Myanmar Facebook

ရှိပြီး လွှတ်တော်အတွင်း ဆွေးနွေးမှုများ ဆောင်ရွက်ပြီးပါက ဥပဒေ အမြန်ဆုံး ပြဋ္ဌာန်းနိုင်ရေးအတွက်လည်း ကြိုးပမ်း ဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့သည်။ ယခုနှစ်အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာ လှုပ်ရှားမှု ဆောင်ပုဒ်မှာ "အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ကာကွယ်တုံ့ပြန်ဖို့၊ သီးသန့်ရန်ပုံငွေထားရှိလို့ အချက်အလက်ကောက်ယူစို့" ဖြစ်သည်။ သက်ဆိုင်ရာကဏ္ဍအသီးသီးတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး လုပ်ငန်းများအတွက် ရန်ပုံငွေများ ပိုမိုထောက်ပံ့ပေးရန်၊ ကျား-မ အခြေပြု အကြမ်းဖက်ခံရသူများအတွက် မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုများ ရရှိနိုင်ရန် လိုအပ်သည်ဟု ပြောကြားခဲ့သည်။

ကျား-မဆိုင်ရာ တန်းတူညီမျှမှုအတွက် ကဏ္ဍအသီးသီးတွင် အမျိုးသမီးများ အနည်းဆုံး (၃၀) ရာခိုင်နှုန်း ပါဝင်ရေးကို အားပေးရန်လည်း ပြည်ထောင်စုသဘောတူစာချုပ် နိုင်ငံရေးကဏ္ဍ အခြေခံမူသဘောတူညီချက်တွင် ထည့်သွင်းထားရာ အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်းစဉ်များသည် အရေးကြီးလာကြောင်း၊ နယ်စပ်ဒေသတိုင်းရင်းသားအမျိုးသမီးများပါမကျန် အမျိုးသမီးများအားလုံး သာတူညီမျှ ဖွံ့ဖြိုးတိုးတက်မှု ခံစားရရှိစေရေး မိမိတို့နှင့် အတူတကွ လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိကြသော အဖွဲ့အစည်းများအနေဖြင့် ယခုထက် ပိုမိုပြီး တိုးမြှင့်ဖော်ဆောင်သွားကြပါရန် ဒေါက်တာဝင်းမြတ်အေးက တိုက်တွန်းပြောကြားခဲ့ပါသည်။

Source: https://www.facebook.com/mswrrmyanmar/posts/1850287405120876



ဤသတင်းလွှာကို ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးစိန်ခေါ်မှုများ အဖြေရှာရန်အတွက် အဖွဲ့အစည်းများနှင့် သုတေသီများအတွက် ငွေကြေးထောက်ပံ့ပေးနေသည့် ကနေဒါအပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးသုတေသနစင်တာ (IDRC)နှင့် Global Affairs Canada တို့မှ ထောက်ပံ့ပေးခြင်းဖြစ်သည်။ ယခုသတင်းစာတွင် ပါဝင်သော အကြောင်းအရာများကို မည်သည့်အဖွဲ့အစည်းမဆို လွတ်လပ်စွာမျှဝေနိုင်သည်။
သတင်းလွှာကို အခမဲ့ရယူနိုင်ရန် shweshwe.kyinhlaingg@gmail.com သို့ ဆက်သွယ်နိုင်ပါသည်။

# မြန်မာ့နိုင်ငံရေးတွင် အမျိုးသမီးများပါဝင်မှု နည်းပါးနေရတဲ့အကြောင်းရင်းက ဘာတွေလဲ

**ဒီဇင်ဘာ ၁၅၊ ၂၀၂၀**

မြန်မာ့နိုင်ငံရေးတွင် အမျိုးသမီးများပါဝင်မှု နည်းပါးနေရသည့် အကြောင်းရင်းများတွင် ပိုမိုဖြစ်နိုင်ခြေရှိသည့်အချက်များကို ဖော်ပြလိုက်ပါသည်။

- အမျိုးသမီးများ နိုင်ငံရေးနှင့်ရင်းနှီးထိစပ်မှုနည်းခြင်းနှင့် နိုင်ငံရေးသမားဖြစ်လာရန်အတွက် အမျိုးသားများနှင့်ယှဉ်လျှင် ကိုယ့်ကိုကိုယ်ယုံကြည်မှုနည်းခြင်း။
- အမျိုးသမီးများ ခရီးသွားခြင်း၊ အထူးသဖြင့် ညအိပ်ညဉ့်နေခရီးသွားခြင်းကို တားမြစ်ကန့်သတ်ထားသော ယဉ်ကျေးမှုဆိုင်ရာ သတ်မှတ်ချက်များ။
- အမျိုးသမီးများသည် လစာရသောအလုပ်နှင့် နိုင်ငံရေးလှုပ်ရှားမှုတွင် ပါဝင်လုပ်ကိုင်နိုင်ခြင်းမရှိဘဲ အိမ်မှုကိစ္စနှင့် ကလေးထိန်းရန်တာဝန်ဝတ္တရားများကို လုပ်ဆောင်ရန် လိုလားမှုများကြောင့် အမျိုးသမီးများတွင် အချိန် အကန့်အသတ် ရှိခြင်း။
- အမျိုးသမီးများထက် အမျိုးသားများကို ဦးစားပေးသော မြန်မာ့နိုင်ငံရေးတွင် ပြည်ထောင်စုအဆင့်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်များနှင့် ဒေသန္တရအဆင့်များရှိ ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာအချက်များ။
- နိုင်ငံရေးပါတီအများစုသည် အမျိုးသမီးပါဝင်မှုကို မြှင့်တင်ရန်အတွက် ခိုင်မာသောလမ်းစဉ်များ ချမှတ်မှုမရှိခြင်း။
- ၁၉၆၀-၂၀၁၀ ခုနှစ်များအတွင်း စစ်အုပ်ချုပ်ရေး၏ အမွေဆိုးများစွာဖြစ်သော- ဥပမာ- အများပြည်သူနှင့်ဆိုင်သောနေရာများတွင် အထွေထွေစစ်ပုံသွင်းခြင်း၊ လူမှုဝန်ထမ်းနှင့် ဒေသန္တရခေါင်းဆောင်မှုတွင်ရှိသော ထိပ်တန်းရာထူးများကို တပ်မတော်သားများနှင့် အစားထိုးခြင်း၊ အတိုက်အခံနိုင်ငံရေးခေါင်းဆောင်မှုသည် အန္တရာယ်များသည်ဟု ရှုမြင်သောကြောင့် အမျိုးသမီးများအတွက် မသင့်လျော်ခြင်းနှင့် ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၏ တာဝန်များသည် လုံခြုံရေးဆိုင်ရာပြဋ္ဌာန်းချက်များအပေါ် အလွန်တရာ အလေးထားနေခြင်းများ။

ဧင်းအချက်များသည် ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း (EMReF) က ထုတ်ဝေခဲ့သည့် "မြန်မာနိုင်ငံရှိ ကျား-မ ရေးရာနှင့် နိုင်ငံရေးပါဝင်မှု" စုပေါင်းသုတေသနအစီရင်ခံစာတွင် ဖော်ပြထားခြင်းဖြစ်သည်။ အစီရင်ခံစာတွင် ၁) ကျား-မ တန်းတူညီမျှမှုသည် နိုင်ငံရေးပါဝင်မှုတွင် ဘာ့ကြောင့်အရေးပါသလဲ၊ ၂) အမျိုးသမီးနှင့် အမျိုးသားများ၏ နိုင်ငံရေးပါဝင်မှုရေချိန်၊ ၃) အမျိုးသမီးများနှင့် အမျိုးသားများ မြန်မာ့နိုင်ငံရေးတွင် ပါဝင်နိုင်မည့် အခွင့်အလမ်းများကို ပုံဖော်နေသည့်အချက်များ၊ ၄) နိုင်ငံရေးပါဝင်မှုတွင် ကျား-မ တန်းတူညီမျှမှုကိုမြှင့်တင်ခြင်း (သို့မဟုတ်) ကန့်သတ်ခြင်းတွင် နိုင်ငံရေးပါတီများနှင့် အခြားသော အစိုးရအဖွဲ့အစည်းများ၏ အခန်းကဏ္ဍ၊ ၅) ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခြင်းနှင့် ခေါင်းဆောင်တစ်ဦးဖြစ်ခြင်း၏ ကုန်ကျစရိတ်နှင့် အကျိုးကျေးဇူးများ၊ ၆) အခြားအကြံပြုချက်များကို စုစည်းဖော်ပြထားသည်။ သုတေသနစာတမ်းအပြည့်အစုံကို EMReF ၏ ဝက်ဘ်ဆိုက်ဖြစ်သည့် www.emref.org တွင် အခမဲ့ ဒေါင်းလုပ်ဒ်ရယူနိုင်သည်။




**ရွှေလေး**

# အမျိုးသမီးများ နိုင်ငံရေးနှင့် ခေါင်းဆောင်မှုတွင် ပါဝင်နိုင်ရန် လမ်းကြောင်းဖွင့် မြှင့်တင်ပေးရန် မူဝါဒအဆိုပြုစာတမ်းထုတ်ဝေ

**ဒီဇင်ဘာ ၁၄၊ ၂၀၂၀**

အမျိုးသမီးများ နိုင်ငံရေးနှင့်ခေါင်းဆောင်မှုတွင် ပါဝင်နိုင်ရန် လမ်းကြောင်းဖွင့်မြှင့်တင်ပေးရန် မူဝါဒအဆိုပြု အကျဉ်းချုပ်စာတမ်းကို ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း (EMReF) က ထုတ်ဝေခဲ့သည်။

ယင်းမူဝါဒအဆိုပြုစာတမ်းတွင် အမျိုးသမီးများ လက်ရှိနိုင်ငံရေးတွင် ပါဝင်နိုင်မှုအနေအထား၊ အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်နိုင်ရန် ဘာ့ကြောင့်လိုအပ်လဲ၊ မြန်မာနိုင်ငံတွင် အမျိုးသမီးများ ခေါင်းဆောင်မှုနေရာတွင် ဘာကြောင့်နည်းပါးနေလဲ၊ အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်မှုကို မည်သို့မြှင့်တင်သင့်လဲစသည့် ခေါင်းစဉ်များဖြင့် အသေးစိတ်ရေးသား အဆိုပြုထားသည်။




အဆိုပြုစာတမ်းတွင် အမျိုးသမီးများ နိုင်ငံရေးနှင့် ခေါင်းဆောင်မှုတွင် ပါဝင်နိုင်ရန် အဓိကအဆိုပြုချက် (၃) ချက်ကို အဆိုပြုထားသည်။ ၎င်းတို့မှာ ၁) ပါတီ၏ ဆုံးဖြတ်ချက်ချမှတ်နိုင်သော ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ရွေးကောက်ခံကိုယ်စားလှယ်လောင်းရွေးချယ်မှုတွင် အမျိုးသမီးကိုယ်စားလှယ်လောင်း အနည်းဆုံး ၃၀% ထည့်သွင်းပေးရန်၊ ၂) အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် လူထုစည်းရုံးရေးနည်းလမ်းများ၊ ဘဏ္ဍာရေးနှင့် ငွေကြေးဆိုင်ရာ စွမ်းရည်မြှင့်တင်မှု၊ မူဝါဒအဆိုပြုမှုဆိုင်ရာ နည်းလမ်းများ၊ နည်းပညာကို လက်လှမ်းမီကျွမ်းကျင်စွာ အသုံးပြုနိုင်မှုတို့ကို မြှင့်တင်ပေးရန်၊ ၃) ရပ်ရွာအဆင့် အမျိုးသမီးခေါင်းဆောင်မှုတွင် ပါဝင်နိုင်ရေးကို လမ်းဖွင့်ပေးရန်နှင့် ၎င်းတို့ကို တားဆီးနေသော အခက်အခဲများ (ဥပမာ- လုံခြုံရေး၊ ကျား-မဖြစ်မှုအပေါ် အကြမ်းဖက်ခြင်း စသည်တို့) လျှော့ချပေးနိုင်ရေးကို အလေးထားဆောင်ရွက်ပေးရန်တို့ ဖြစ်သည်။

အမျိုးသမီးများ ခေါင်းဆောင်မှုနေရာတွင် ပိုမိုပါဝင်နိုင်စေရန် ကျင့်သုံးသင့်သည့် ဝေပုံကျစနစ်နှင့် အခြားနည်းလမ်း များကိုလည်း အသေးစိတ်အကြံပြုထားသည်။ "ဟန်ချက်ညီပြီး အားလုံးအကျိုးခံစားခွင့်ရှိသည့် ဖွံ့ဖြိုးရေးဖြစ်စေရန်အတွက် အမျိုးသမီးများ နိုင်ငံရေးနှင့် ခေါင်းဆောင်မှုတွင် ပါဝင်နိုင်ရန်လမ်းကြောင်းဖွင့် မြှင့်တင်ပေးသင့်" ဟူသည့် ယင်းအဆိုပြုစာတမ်းကို www.emref.org တွင် အခမဲ့ဒေါင်းလုပ်ဒ် ရယူနိုင်သည်။

**ရွှေလေး**

# ၂၀၂၀ ရွေးကောက်ပွဲတွင် NLD ပါတီနှင့် SNLD ပါတီမှ အမျိုးသမီးကိုယ်စားလှယ်များ အများဆုံးအနိုင်ရ

**ဒီဇင်ဘာ ၁၈၊ ၂၀၂၀**

၂၀၂၀ ရွေးကောက်ပွဲတွင် အမျိုးသမီးကိုယ်စားလှယ် အများဆုံးအနိုင်ရခဲ့သည့်ပါတီများမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)နှင့် ရှမ်းတိုင်းရင်းသားဒီမိုကရေစီအဖွဲ့ချုပ် (SNLD) တို့ ဖြစ်ပါသည်။

ယခုရွေးကောက်ပွဲတွင် NLD ပါတီက အမျိုးသမီးကိုယ်စားလှယ် ၁၆၇ယောက် အနိုင်ရရှိခဲ့သည်။ ၂၀၁၅ ရွေးကောက်ပွဲတုန်းက အမျိုးသမီးကိုယ်စားလှယ်ပေါင်း ၁၃၄ နေရာ အနိုင်ရခဲ့ပြီး ယခု ၂၀၂၀ရွေးကောက်ပွဲတွင် အမျိုးသမီးကိုယ်စားလှယ်ဦးရေ ၃၀ ကျော် တိုးလာသည်။ လွှတ်တော်ကိုယ်စားလှယ်နေရာ စုစုပေါင်း ၉၂၀ နေရာ အနိုင်ရရှိခဲ့ပြီး အမျိုးသမီးကိုယ်စားလှယ် ၁၆၇ ဦးရှိသည့်အတွက် အမျိုးသမီးပါဝင်မှုသည် ၃၀ ကျော်တိုးလာပါသည်။ SNLD ပါတီကတော့ လွှတ်တော်ကိုယ်စားလှယ် ၄၂ နေရာတွင် အမျိုးသမီးကိုယ်စားလှယ်က ၁၃ နေရာ အနိုင်ရခဲ့သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၂၉ ရာခိုင်နှုန်းကျော် အနိုင်ရခဲ့ပါသည်။

အမျိုးသမီးကိုယ်စားလှယ်များ အနိုင်ရရှိခဲ့သည့် အခြားပါတီများကတော့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (USDP) က ၃ နေရာ၊ ရခိုင်အမျိုးသားပါတီ (ANP) က ၄နေရာ၊ ကယားဒီမိုကရက်တစ်ပါတီ (KySDP) က ၂ နေရာ၊ မွန်ညီညွတ်ရေးပါတီ(MUP)၊ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီနှင့် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီတို့က တစ်နေရာစီ အနိုင်ရရှိခဲ့သည်။ ယခုရွေးကောက်ပွဲတွင် အမျိုးသမီးကိုယ်စားလှယ်ပေါင်း ၁၉၄ ဦး အနိုင်ရရှိခဲ့ပြီး NLD ပါတီက ၁၆၇ ဦးနှင့် တစ်သီးပုဂ္ဂလအပါအဝင် အခြားပါတီက ၂၇ ဦး အနိုင်ရရှိခဲ့သည်။ ၂၀၁၅ ရွေးကာက်ပွဲတွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် ၁၅၁ ယောက် အနိုင်ရရှိခဲ့သည့်အတွက် ယခုရွေးကောက်ပွဲတွင် အမျိုးသမီးကိုယ်စားလှယ် ၄၀ ကျော် ပိုပြီးအနိုင်ရရှိလာသည်။

ယခု ၂၀၂၀ ရွေးကောက်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များတွင် အမျိုးသမီးကိုယ်စားလှယ်များ ပိုပြီးအနိုင်ရရှိခဲ့သည်ဟု သိရသည်။ ၂၀၁၅ ရွေးကောက်ပွဲအပြီး လွှတ်တော်အတွင်း အမျိုးသမီးပါဝင်မှု ၁၃ ရာခိုင်နှုန်းရှိခဲ့ပြီး ယခု ၂၀၂၀ ရွေးကောက်ပွဲရလဒ်အရ အမျိုးသမီးပါဝင်မှု ၁၇ ရာခိုင်နှုန်း ရှိလာမည်ဖြစ်သည်။

Source: BBC Burmese

# ရခိုင်လူမျိုး အမျိုးသမီး ဒေါ်ထုမေ ရန်ကုန်တိုင်း ရခိုင်တိုင်းရင်းသားရေးရာ ဝန်ကြီး ဖြစ်လာမည်


ဓာတ်ပုံ- Htoot May Facebook

ဒီဇင်ဘာ ၁၆၊ ၂၀၂၀

၂၀၂၀ ရွေးကောက်ပွဲ မဲရလဒ်အရ ရခိုင်လူမျိုး အမျိုးသမီး ဒေါ်ထုမေသည် လာမည့် အစိုးရသစ်လက်ထက်တွင် ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဖြစ်လာမည်ဖြစ်သည်။

ရွေးကောက်ပွဲတွင် ဒေါ်ထုမေသည် တစ်သီးပုဂ္ဂလအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပြီး စုစုပေါင်း မဲအရေအတွက်၏ ၄၃ ရာခိုင်နှုန်းကျော်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဒေါ်ထုမေသည် ၂၀၁၅ ရွေးကောက်ပွဲတွင် ရခိုင်အမျိုးသားပါတီမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် လွှတ်တော်ထဲတွင် ၅ နှစ်တာ တာဝန်ထမ်းဆောင်ခဲ့သည်။

ဒေါ်ထုမေက ပညာရေးပိုင်းကို အဓိကဦးစားပေးလုပ်ဆောင်ချင်သည်ဟု မီဒီယာများကို ဖြေကြားထားသည်။ ထို့ပြင် အမျိုးသမီးနှင့် ကလေးသူငယ်အရေးကိစ္စများ၊ အမျိုးသမီးငယ်များ၏ လုပ်ငန်းခွင် အရည်အသွေးမြှင့်တင်မှုများနှင့် အမျိုးသမီးဘဝ ပိုပြီးတိုးတက်အောင် လုပ်ဆောင်သွားမည်ဟု သိရသည်။

ဒေါ်ထုမေက "ရခိုင်နိုင်ငံရေးမှာ အမျိုးသမီးတွေပါဝင်လာတာက ကျွန်မတို့ ပြည်နယ်အတွက် အလားအလာပိုကောင်းတဲ့ အခြေအနေဖြစ်ပါတယ်။ အမျိုးသမီးတွေ တိုးလာတာက အမျိုးသမီးတွေကို ကိုယ်စားပြုသလိုပဲ နိုင်ငံတာဝန်ကို အမျိုးသမီးတွေ ယူလာကြတဲ့အတွက် ကျွန်မတို့ လိုက်လိုက်လှဲလှဲကြိုဆိုရမှာ ဖြစ်ပါတယ်"ဟု မီဒီယာကို ဖြေကြားခဲ့သည်။



ဓာတ်ပုံ- Htoot May Facebook

အမျိုးသမီးများ လက်တွဲညီညီလုပ်ဆောင်ကြရင် ပြည်နယ်ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကလေးသူငယ်၊ အမျိုးသမီးအခွင့်အရေးများအတွက် ပိုပြီးလုပ်ဆောင်လာကြလိမ့်မည်ဟု ယုံကြည်သည်ဟုဆိုသည်။ ဒေါ်ထုမေ၏ ရွေးကောက်ပွဲကတိကဝတ်များထဲတွင် ရခိုင်အမျိုးသမီးများ၏ ဘဝလုံခြုံရေး၊ ဂုဏ်သိက္ခာရှိရှိ ဘဝတိုးတက်မှု ဆောင်ရွက်နိုင်ရေးနှင့် ရခိုင့်ရင်သွေးကလေးသူငယ်များ အနာဂတ်ကောင်းမွန်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်သွားမည်ဟူသည့် ကတိကဝတ်လည်း ပါဝင်သည်။



ဓာတ်ပုံ-https://en.wikipedia.org/wiki/Kamala Harris

## ကမ္ဘာကျော်တို့ရဲ့ ပြောစကား

"ကျွန်မအနေနဲ့ ငယ်ရွယ်တဲ့ အမျိုးသမီးတွေနဲ့ မိန်းကလေးငယ်တွေကို သိစေချင်တာက မင်းတို့ဟာ အားကြီးပြီး မင်းတို့ရဲ့အသံဟာ အရေးကြီးပါတယ်။"

---- Kamala Harris (Vice President of the United States)

# ကယားပြည်နယ်လွှတ်တော်တွင် အမျိုးသမီး ကိုယ်စားလှယ်များ ပထမဦးဆုံး ပါဝင်မည်

**နိုဝင်ဘာ ၁၅၊ ၂၀၂၀**

ယခင်သက်တမ်းနှစ်ခုစလုံး ကယားပြည်နယ်လွှတ်တော်တွင် ရွေးကောက်ခံ အမျိုးသမီးကိုယ်စားလှယ်များ ပါဝင်မှုမရှိခဲ့သော်လည်း လာမည့်လွှတ်တော်အသစ်တွင်မူ အမျိုးသမီးကိုယ်စားလှယ်များ စတင်ပါဝင်နိုင်တော့မည်ဖြစ်သည်။

၂၀၂၀ ရွေးကောက်ပွဲရလဒ်အရ ကယားပြည်နယ်လွှတ်တော်တွင် ဝင်ရောက်ယှဉ်ပြိုင်ကြသည့် ကိုယ်စားလှယ်လောင်းများထဲမှ ပထမဦးဆုံးအကြိမ်အဖြစ် အမျိုးသမီးကိုယ်စားလှယ်နှစ်ဦး အနိုင်ရရှိခဲ့သည်။ ၎င်းတို့နှစ်ဦးမှာ ဖရူဆိုမြို့နယ် အမှတ် (၂) နေရာမှ အနိုင်ရရှိထားသည့် ကယားပြည်နယ် ဒီမိုကရက်တစ်ပါတီ (KySDP)မှ ဒေါ်အယ်ဗလင်းနှင့် ရှားတောမြို့နယ် အမှတ် (၂) နေရာတွင် အနိုင်ရရှိထားသည့် ကြံ့ခိုင်ရေးပါတီ (USDP) မှ ဒေါ်ခင်မာဝင်းတို့ဖြစ်သည်။

"အမျိုးသမီးတွေရဲ့ အခွင့်အရေးကို ၂၀၁၅ ကထက် အများကြီးတရားဝင်လုပ်ဆောင်သွားနိုင်မယ်လို့ ယုံကြည်တယ်။ လွှတ်တော်ထဲမှာလည်း အမျိုးသမီးထုတွေရဲ့အသံတွေ ပိုပြီးအားကောင်းလာပါလိမ့်မယ်"ဟု ဒေါ်အယ်ဗလင်းက ပြောသည်။

ကယားပြည်နယ် လွှတ်တော်နေရာတွင် အမျိုးသမီးကိုယ်စားလှယ်လောင်း ၂၂ ဦးအထိ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း နှစ်ဦးသာ အနိုင်ရရှိခဲ့သည်။ ကယားပြည်နယ်အတွင်း လွှတ်တော်သုံးရပ်ပေါင်းတွင်မူ အမျိုးသမီးကိုယ်စားလှယ် ခြောက်ဦး အနိုင်ရရှိထားသည်။ ပြည်သူ့လွှတ်တော် သုံးနေရာ၊ အမျိုးသားလွှတ်တော် တစ်နေရာနှင့် ပြည်နယ်လွှတ်တော် နှစ်နေရာဖြစ်သည်။ ကယားပြည်နယ်လွှတ်တော်၏ ၂၀၁၀ နှင့် ၂၀၁၅ ရွေးကောက်ပွဲ နှစ်ကြိမ်စလုံးတွင် ပြည်နယ်လွှတ်တော်ထဲသို့ အမျိုးသမီးကိုယ်စားလှယ်များ ဝင်ရောက်နိုင်ခဲ့ခြင်း မရှိပေ။

Source: Myanmar Now




ဓာတ်ပုံ- Kayah State Hluttaw Facebook Page